Hinthada University Research Journal, Vol. 1, No.1, 2009

# ပါဠိဘာသာစကားနှင့်မြန်မာဘာသာစကား ဆက်နွယ်ပုံကိုလေ့လာခြင်း

ခိုင်ခိုင်စော

## စာတမ်းအကျဉ်းချုပ်

ဘာသာစကားများအား သိပ္ပံနည်းကျကျ ဆန်းစစ်လေ့လာသည့် ပညာရပ်ကို ဘာသာဗေဒ ဟု ပညာရှင်တို့အမည်ပေးကြပါသည်။ ထိုပညာရပ်အရ ကမ္ဘာဘာသာစကား အမျိုးမျိုးကို လေ့လာသောအခါ ဇာတိဗေဒနည်းနှင့် ဗဒ္ဓနဗေဒနည်းဟူ၍ နည်းနှစ်နည်းရှိပါသည်။ ထိုနှစ်နည်းအနက် ဇာတိဗေဒနည်းအရ ကမ္ဘာ့ဘာသာစကားကို လေ့လာသောအခါ ပင်မဘာသာ မိသားစုကြီး သုံးခုကို တွေ့ရပါသည်။ ယင်းသုံးမျိုးအနက်မှ ပါဠိဘာသာစကားသည် အင်ဒိုဥရောပ ဘာသာစကားမိသားစုကြီးမှ ဆင်းသက်လာပါသည်။ ပါဠိဘာသာစကားသည် ထေရဝါဒ ဗုဒ္ဓဘာသာဝင်တို့အဖို့ အထူးအမြတ်ဆုံးသောဘာသာ ဗုဒ္ဓရှင်တော်၏ ဟောကြားချက်တရားတို့ကို မှတ်တမ်းတင်ရာ ဘာသာဖြစ်ပါသည်။ မြန်မာဘာသာစကားသည် တိဗက်တရုတ်ဘာသာ စကားမျိုးကြီးမှ ဆင်းသက်လာသော တိဗက်–မြန်မာ မျိုးခွဲတွင် ပါဝင်သည့် ဘာသာစကားတစ်ခု ဖြစ်ပါသည်။ မြန်မာဘာသာစကားကို ဧကဝဏ္ဏဘာသာ၊ ဗဟုဝဏ္ဏနှင့်ပူတွဲဘာသာ၊ တသီးပုဂ္ဂလဘာသာဟု အမည်ပေးထားကြောင်း ဤစာတမ်း၌လေ့လာဖော်ပြထားပါသည်။ ဤသို့အားဖြင့် ပါဠိဘာသာစကား နှင မြန်မာဘာသာစကားတို့သည် ဇာတိဗေဒနည်းအရသာမက ဗဒ္ဓနဗေဒနည်းအရပါ တစ်သီးတစ်ခြားစီ ဖြစ်နေကြပါသည်။ ထိုဘာသာနှစ်ရပ်တို့သည် ထေရဝါဒဗုဒ္ဓဘာသာကို အကြောင်းပြု၍ ဆက်နွယ်ပုံကို ဤစာတမ်း တွင် လေ့လာတင်ပြထားပါသည်။

## နိဒါန်း

ပါဠိဘာသာသည် အင်ဒိုဥရောပအနွယ်ဝိဘတ်သွယ်ရပပြောင်းဘာသာ ဖြစ်သည်။ မြန်မာဘာသာစကားသည် တိဗက်မြန်မာဘာသာစကားအုပ်စုတွင် ပါဝင်သည်။ ဤဘာသာစကား၌ ပူးတွဲဘာသာစကား၏သဘောလက္ခဏာတို့ကိုတွေ့ရသည်။ ပါဠိဘာသာနှင့် မြန်မာဘာသာစကားတို့သည် ကွဲပြားခြားနားသော်လည်း ထိုဘာသာနှစ်ခုသည် ဗုဒ္ဓဘာသာကိုအကြောင်းပြု၍ ရောနှော ဆက်စပ်ခဲ့ပါသည်။ ပါဠိစာပေကိုအမှီပြု၍ မြန်မာစာပေသည်လည်း ထယ်ဝါခန့်ငြားအဆင့်အတန်းမြင့်သည့် စာပေတစ်ရပ် ဖြစ်လာခဲ့သည်။ ပါဠိစာပေမှ အတွေးအခေါ် အဆီအနှစ်တို့ကိုရယူ၍ ကိုယ်ပိုင်ကျမ်းဂန်များ ပြုစုနိုင်ခဲ့ကြသည်။ မြန်မာစာပေကိုလည်း တီထွင်နိုင်ခဲ့ကြသည်။

### ပါဠိဘာသာစကားအမျိုးအစား

ဘာသာစကားများအား သိပ္ပံနည်းကျကျ ဆန်းစစ်လေ့လာသည့် ပညာရပ်ကိုဘာသာဗေဒဟု ပညာရှင်တို့ အမည်ပေးကြပါသည်။ ထိုပညာရပ်အရ ကမ္ဘာ့ဘာသာ စကား အမျိုးမျိုးကို လေ့လာရာ၌ နည်းနှစ်နည်း ရှိပါသည်။ ယင်းတို့မှာ–

(၁) ဇာတိဗေဒနည်း

(၂) ဗဒ္ဓနဗေဒနည်း

ဇာတိဗေဒနည်းဆိုသည်မှာ ဆက်စပ်တူညီသော ဘာသာစကား များကို စုပေါင်း၍ နှိုင်းယှဉ်လေ့လာသောနည်းဖြစ်ပါသည်။ ဗဒ္ဓနဗေဒ နည်းဆိုသည်မှာ ဝါကျဖွဲ့ပုံသဘာကို နှိုင်းယှဉ်လေ့လာသော နည်းဖြစ်ပါသည်။ ထိုနည်းနှစ်မျိုးအနက် ဇာတိဗေဒနည်းအရ ကမ္ဘာဘာသာစကားများကို လေ့လာသောအခါ ပင်မဘာသာ မိသားစုကြီးသုံးခုကို တွေ့ရပါသည်။ ယင်းတို့မှာ –

Tutor, Department of Oriental Studies, Hinthada University

(၁) အင်ဒိုဥရောပဘာသာမိသားစု

(၂) ဆီမတစ်ဘာသာမိသားစု

(၃) မွန်ဂိုလီယန်ဘာသာမိသားစုတို့ဖြစ်ပါသည်။

ထိုသုံးမျိုးအနက် အင်ဒိုဥရောပမိသားစုသည် အာရှတိုက်သုံး ဘာသာစကားနှင့် ဥရောပတိုက်သုံးဘာသာစကားများ၏ ပင်မ ဖြစ်ပါသည်။ ပါဠိဘာသာစကားမှာ အင်ဒိုဥရောပဘာသာ မိသားစုကြီးမှ ဆင်းသက်လာပါသည်။ ၎င်းတွင်ဘာသာအနွယ်ပေါင်း (၁၆)ခု ရှိပါသည်။ ယင်းတို့၌ ပါရှန်၊ သက္ကတ၊ ပါဠိ၊ ပြာကတနှင့် ဟိန္ဒီ၊ ဥရဒူ၊ ဘင်္ဂါလီ၊ ပန်ဂျာပီ၊ မာရဋ္ဌီ စသည့်ခေတ်သစ်အိန္ဒိယဘာသာစကားများ ပါဝင်ပါသည်။

ဘာသာဗေဒပညာရှင်တို့သည်အင်ဒိုအာရိယန်လဘာသာစကားကိုသမိုင်းကြောင်းအရ–

(၁) ခေတ်ဦးအင်ဒိုအာရိယန်ဘာသာစကား

(၂) ခေတ်လယ်အင်ဒိုအာရိယန်ဘာသာစကား

(၃) ခေတ်သစ်အင်ဒိုအာရိယန်ဘာသာစကား ဟူ၍သုံးမျိုးခွဲကြပါသည်။

အချို့သုတေသီတို့က ထိုဘာသာစကားကိုသက္ကတ၊ ပါဠိ နှင့် ပြာကတဟူ၍လည်း ပိုင်းခြားကြပါသည်။

လောက၌ကိုးကွယ်ရာ သာသနာအမျိုးမျိုး ပေါ်ထွန်းခဲ့ကြသည်နှင့်အမျှ ထိုဆိုင်ရာ သာသနာတရား သို့မဟုတ် ထိုသာသနာကိုတည်ထောင်သူ သာသနာ့အမွန်အစဖြစ်သော ပုဂ္ဂိုလ်၏ လမ်းညွှန်ဆုံးမသွန်သင်ချက်အဝဝကို မှတ်တမ်းတင်ရာဘာသာစကားများရှိခဲ့ပါသည်။ ဗြဟ္မဏ(ဟိန္ဒူ)သာသနာဝင်တို့အဖို့ သက္ကတဘာသာသည် ထူးမြတ်သောဘာသာဖြစ်သကဲ့သို့ ပါဠိဘာသာသည်လည်း ထေရဝါဒ ဗုဒ္ဓဘာသာဝင်တို့အဖို့ အထူးမြတ်ဆုံးသောဘာသာ၊ ဗုဒ္ဓရှင်တော်၏ ဟောကြားချက်တရားတော်တို့ကို မှတ်တမ်းတင်ရာ ဘာသာ ဖြစ်ပါသည်။ ဘုရားရှင်၏ တရားတော်များသာ မဟုတ်ဘဲ ထိုတရားတော်များကို နောင်လာနောက်သားတို့ အလွယ်တကူသိမြင်နိုင်စေရန ရည်ရွယ်၍အဋ္ဌကထာ၊ ဋီကာ စသောအဖွင့်ကျမ်းတို့ကိုရေးသားသော မဟာထေရ်မြတ်တို့သည်လည်း ပါဠိဘာသာကို အဓိကသုံးစွဲခဲ့ကြပါသည်။ ထို့ကြောင့် ထေရဝါဒဗုဒ္ဓသာသနာ ကို ပြည့်ဝမှန်ကန်စွာ နားလည်နိုင်ရေး၌ ပါဠိဘာသာကို တတ်မြောက်ကျွမ်းကျင်ရန် မရှိမဖြစ်လိုအပ်လှပါသည်။

ပါဠိတော်ဟူသော ပိဋကတ်ဝင်စာပေတို့တွင် ဤပါဠိဘာသာကို မည်သို့သောအမည်ဖြင့် မြတ်စွာဘုရားရှင်ဟောတော်မူအပ်သည်ကို လေ့လာသောအခါ ပါရာဇိကပါဠိ၊ ပဌမ ပါရာဇိက ပဒသာဇနီ၌–

'အရိယဘာသာဖြင့် မိလက္ခ၏အထံ၌ သိက္ခာချရာတွင် ၎င်းမိလက္ခပုဂ္ဂိုလ် နားမလည်လျှင် သိက္ခာမကျ' ဟုဟောတော်မူသည်ကို တွေ့ရပါသည်။ ထိုစကားရပ်ရှိ အရိယ ဘာသာဟူသည် အခြားမဟုတ်၊ အရိယာပုဂ္ဂိုလ်တို့သုံးသော မာဂဓဘာသာပင်ဖြစ်ကြောင်း အဋ္ဌကထာဆရာက ဖွင့်ပြထားပါသည်။ ပါဠိတော်တို့၌ ယခုအခါ ပါဠိဘာသာဟု အများ နားလည်နေသော ဘာသာကို အရိယက=အရိယ ဘာသာဟု ခေါ်ဝေါ်သုံးစွဲခဲ့ကြောင်း မှတ်သားရပါသည်။

ပဋိသမ္ဘိဒါမဂ္ဂဝိဘင်္ဂပါဠိ၊ သမ္မောဟဝိနောဒနီအဋ္ဌကထာ၊ မူလဋီကာတို့၌ ဓမ္မနိရုတ္တိ ဟုလည်းကောင်း၊ သဘာဝ နိရုတ္တိဟုလည်းကောင်း ခေါ်ဝေါ်သုံးစွဲသည်ကို လေ့လာတွေ့ရှိ ရပါသည်။

အဋ္ဌကထာ၊ ဋီကာကျမ်းတို့တွင် ပါဠိဘာသာကို မာဂဓဘာသာဟုလည်းကောင်း၊ တန္တိဘာသာဟုလည်းကောင်း၊ မူလဘာသာဟုလည်းကောင်း၊ ပကတိဘာသာဟုလည်းကောင်း ခေါ်ဝေါ်

သုံးစွဲကြပါသည်။ ယင်းတို့တွင် တန္တိဘာသာ ဟူသောအမည်ကို ဓမ္မပဒအဋ္ဌကထာတွင်လည်းကောင်း၊ မူလဘာသာဟူသောအမည်ကို ပဋိသမ္ဘိဒါမဂ္ဂအဋ္ဌကထာတွင်လည်းကောင်း၊ ပကတိဘာသာဟူသော အမည်ကို ဝဇီရဗုဒ္ဓဋီကာတွင်လည်းကောင်း အသီးသီးတွေ့ရှိရပါသည်။ ထိုတွေ့ရှိချက် အားလုံးကို ပေါင်းလျှင် ပါဠိဘာသာကို အရိယဘာသာ၊ ဓမ္မနိရုတ္တိ၊ သဘာဝ နိရုတ္တိမာဂဓဘာသာ၊ တန္တိဘာသာ၊ မူလဘာသာ၊ ပကတိဘာသာဟူသောအမည်တို့ဖြင့် ပါဠိဘာသာဟူသောအမည်ဖြင့် သုံးနှုန်းသည်ကိုကား မတွေ့ရကြောင်းပေါ်လွင်လှပါသည်။

အဋ္ဌကထာ၊ ဋီကာကျမ်းတို့တွင်ပါရှိသော ပါဠိဟူသော အသုံးမှာလည်း ပါဠိဘာသာကို ဆိုလိုသည်မဟုတ်ဘဲ ပါဠိတော်ဟုခေါ်သော ‘ဗုဒ္ဓသာသနာဆိုင်ရာစာပေအားလုံး၏အမည်’ သာ ဖြစ်ပါသည်။ တစ်နည်းအားဖြင့်ဆိုရသော် မူလပဏ္ဏာသဋီကာ၊ အင်္ဂုတ္တရဋီကာ ကျမ်းများ၌–‘ပကဋ္ဌာနံ၊ ဥက္ကဋ္ဌာနံ သီလာဒိအတ္ထာနံ ဗောဓနတော၊ သဘာဝနိရုတ္တိဝသေန ဗုဒ္ဓါဒီဟိ ဘာသိတတ္တာ စ ပက္ကဋ္ဌာနံ ဝစနပ္ပဗန္ဓာနံ အာဠိတိပါဠိ၊ ပရိယတ္တိဓမ္မော’ ဟူသော ဝိဂြိုဟ် အဖွင့်နှင့်အညီ ပရိယတ္တိဓမ္မဟုခေါ်ပါသည်။ ဤသို့ဖြင့်ရှေးကျသောကျမ်းများ၌ သုံးစွဲခဲ့သည်ကို မတွေ့ရ၍ ‘ပါဠိဘာသာ’ ဟသောအမည်သည် အလွန် နောက်ကျသော ခေတ်သို့ရောက်မှ ပေါ်ပေါက်လာသော အမည်ဖြစ်ကြောင်း ထင်ရှားလှပါသည်။

ဤတွင် ‘ပါဠိ’ ဟူသောပုဒ်၏အနက်ကို ရှာကြံကြရာ ပညာရှိအများပင် သူတစ်မျိုး၊ ငါတဖြ ကြံဆပြောဆိုကြပါသည်။ ခရစ်နှစ် (၁၂) ရာစုခန့်က သီဟိုဠ်တွင် ပေါ်ထွန်းခဲ့သော မောဂ္ဂလာန်သဒ္ဒါကျမ်းပြုဆရာကပါနှင့် ‘ဠိ’ ပစ္စည်းပေါင်းစပ်၍ပါဠိဖြစ်လာသည်ဟုခွဲခြား ဖော်ပြထားပါသည်။ ပါဓာတ်သည် ‘စောင့်ရှောက်ခြင်း’ ဟု အဓိပ္ပါယ်ရပါသည်။ ‘အတ္တံ ပါတိ ရက္ခတီတိ ပါဠိ တန္တိ’ အနက်ကို စောင့်ရှောက်တတ်သောကြောင့်ပါဠိ’မည်၏ဟု ဖွင့်ဆိုထားပါသည်။ ခရစ်နှစ် (၁၆) ရာစုခန့်က ပေါ်ထွန်းခဲ့သော သီဟိုဠ်အဋ္ဌကထာ ကျမ်းပြု ဆရာတစ်ဦးဖြစ်သ ဓမ္မပါလက ‘ဗုဒ္ဓဟောကြားသော တရားတော် အစဉ်သည် ပါဠိဖြစ်သည်’ ဟုဖွင့်ဆိုထား ကြောင်းတွေ့ရပါသည်။ သုတေသီအချို့ကမူ ပါဠိသည် ‘ပါလ’မှ ပါလိ– ပါဠိ –ပါဠိ ဟူ၍ အဆင့်ဆင့်ပြောင်းလဲလာခြင်း ဖြစ်မည် ဟု ယူဆကြပါသည်။

ထို့ပြင်ဂျာမနီသုတေသနပညာရှင်တစ်ဦးဖြစ်သူ မစ်ဝလီဆာ ကမူ ပါဠိဟူသော ဝေါဟာရသည် ‘ပါဋ္ဌလိ’ ဟူသောပုဒ်မှ ဆင်းသက်လာသည်ဟု ဆိုကြပါသည်။ သူ၏အဆအရ မဂဓတိုင်းစစ်မြို့တော် ‘ပါဋ္ဌလိပုတြ’(ပါဋ္ဌလိပုတ်)ပြည်ဟုခေါ်ပါသည်။ ယင်းပါဋ္ဌလိပုတ်ပြည်သုံး စကားကို ‘ပါဋ္ဌလိ’ ဟုခေါ် ပါသည်။ ယင်း ‘ပါဋ္ဌလိ’ သည်ပဒလော ပနည်းအရအလယ် ‘ဋ္ဌ’ ကိုချေ၍ ပါဋ္ဌလိ ပါဠိဖြစ်လာသည်ဟု ဆိုကြပါသည်။ ယင်းကို အထောက်အထားပြု၍ ‘ပါဠိ’ သည် ‘ပါဋ္ဌလိ’ မှဆင်းသက်လာသည်ဟု ယူဆကြပြန်ပါသည်။ အချို့ပညာရှင် တို့ကလည်း ‘ဘုရားရှင်ဟောကြားသောသုတ္တန်’ ဟု အဓိပါယ်ရသော ‘ဓမ္မပရိယာယ’ဟူသောပုဒ်ကို အသောကမင်းကြီး၏ ကျောက်စာတို့၌ ‘ဓမပလိယာယ’ ဟု ရေးထိုးထားရာ ထိုပုဒ်ကို အထောက်အထားပြု၍ ပရိယာယမှ ပလိယာယ၊ ၎င်းမှပါလိယာယ ဖြစ်လာပြီး အတိုကြိုက် လူ့သဘာဝအတိုင်း နောက်အက္ခရာ နှစ်လုံးပြုတ်ပြီး ပါလိ(ပါဠိ)ဟု ခေါ်ဝေါ် ကြောင်း လေ့လာ တွေ့ရှိရပါသည်။

အထက်ပါအတိုင်း ‘ပါဠိ’ နှင့်စပ်လျဉ်း၍ နည်းအမျိုးမျိုးအဖုံဖုံ ကွဲပြားနေရာ သာသနိက ပုဂ္ဂိုလ် ပညာရှင်အားလုံး သဘောတူ နိုင်မည့်အနက်မှာ အထက်ဖော်ပြပါ မူလပဏ္ဏာ သဋီကာ ‘အင်္ဂုတ္တရဋီကာလာ ဝိဂြိုလ်အဖွင့်နှင့်အညီ ‘မြင့်မြတ်သော စကားတော် တို့၏ အစဉ်’ ဟူသော အနက်အဓိပ္ပါယ် ပင်ဖြစ် ပါသည်။ ပါဠိဟူသော စကားလုံးသည်ပင် ပင်ကိုယ် အတိုင်းပင် ‘အစဉ်’ ဟူသော အနက်အဓိပ္ပါယ် ရပါသည်။ ပါဠိဘာသာစကားဆသည်မှာ ပါဠိ ဟုခေါ်သော ဘုရားရှင်၏ စကားတော်တို့ကို မှတ်တမ်းတင်ရာဖြစ်၍ ယင်းတို့ကို ထိန်းသိမ်း စောင့်ရှောက် ထားသော

မာဂဓဘာသာကိုပင် ပါဠိဘာသာဟု ခေါ်ဆိုကြပါသည်။ အဋ္ဌကထာဋီကာ၌တွေ့ရသောဘာသာကိုလည်း တွင်ကျယ်ပြီးသော အခေါ်အဝေါ် သို့လိုက်၍ ပါဠိ ဘာသာဟု ခေါ်ဆိုအပ်ပါသည်။

## မာဂဓဘာသာ

မာဂဓဘာသာဟူသည် မဂဓတိုင်းသူတိုင်းသားတို့ ပြောဆိုသုံးစွဲ ကြသော ဘာသာဖြစ်ပါသည်။ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ် သည်လည်း မာဂဓ ဘာသာဖြင့်ပင် တရားတော်များကို ဟောကြားတော် မူခဲ့သည် ဟု မှတ်ယူ အပ်ပေသည်။ ဘုရားရှင်သစ္စာလေးပါးတရားကို ထိုးထွင်း၍ သိမြင်ရာအရပ်သည် မဂဓဒေသ မဂဓတိုင်းဖြစ်၏။ ဘုရားရှင်ဒေသစာရီကြွချီ၍ သတ္တဝါအပေါင်းတို့အား တရားအမြိုက်ဆေး တိုက်ကျွေးရာအရပ်သည်လည်း ယေဘုယျ အားဖြင့် မဂဓတိုင်းနှင့် ကောသလတိုင်းတို့ဖြစ်ပါသည်။ ထိုအချိန်ကာလသည် မဂဓတိုင်း ရှင်ဘုရင်တို့ တန်ခိုးအာဏာကြီးမားချိန်ဖြစ်၍ မာဂဓဘာသာကိုလည်းကောင်း အရပ်တို့တွင် လူတိုင်းပင် နားလည်နိုင်မည်ဖြစ်ရကား ဘုရားရှင်သည် ယင်းလူတိုင်း နားလည်နိုင်မည့် မဂဓဘာသာဖြင့် ဟောကြားတော်မူဖြစ်မည်ဖြစ်ပါသည်။ထို့ကြောင့် သမ္မောဟဝိနောဒနီ အဋ္ဌကထာ ပဋိသမ္ဘိဒါဝိဘင်္ဂကျမ်းအဖွင့်၌ 'မြတ်စွာဘုရား သည်လည်း ပိဋကတ်သုံးပုံဟူသော ဘုရား စကားတော်ကို ပါဠိတော်အစဉ်သို့ တင်တော်မူသောအခါ မာဂဓဘာသာဖြင့်သာလျှင် တင်တော်မူသည်' ဟု မိန့်ဆိုလျက်ရှိလေသည်။

## သဘာဝနိရုတ္တိဘာသာ

မာဂဓဘာသာကားသဘာဝနိရုတ္တိဖြစ်မှုဟူသော ဂုဏ်ထူးဝိသေသနှင့် ပြည့်စုံသဖြင့် ဘာသာတကာတို့ထက်ထူးခြားသော ဘာသာဖြစ်၏။ သဘာပနိရုတ္တိ ဟူသည်မှာ မိမိဆိုလိုသော အနက်အဓိပ္ပါယ်ကို ဖောက်ပြန်ပြောင်းလွဲခြင်းမရှိပဲ တိတိကျကျ ဖော်ပြ နိုင်စွမ်းသည်ဖြစ်၍ ဘုရားရှင်စသောပုဂ္ဂိုလ်မြတ်တို့ သုံးစွဲ အပ်သောဘာသာဟု ဆလိုပါသည်။ တစ်နည်းအားဖြင့် ဆိုရလျှင် ဖောက်လွဲဖောက်ပြန်တိမ်း ယိမ်းပျက်စီးခြင်းမရှိ ပကတိအတိုင်းတည်သောဘာသာဟုဆိုလို ပေသည်။

## မူလဘာသာ

မာဂဓဘာသာသည် ကမ္ဘာဦးလူသားတို့၏ ဘာသာလည်း ဖြစ်ခဲ့ပါသည်။ ကမ္ဘာဦးလူသားတို့မှာ ဗြဟာပြည်မှစုတေ၍ လူ့ပြည်သို့ ရောက်ရှိလာကြသူများ ဖြစ်ပါသည်။ ထိုသူတို့သည် ဗြဟ္မာ့ပြည်၌ ရှိစဉ်က အများဆုံးမာဂဓဘာသာကို ပြောဆိုခဲ့ကြသူများဖြစ်၍ လူ့ပြည်၌ လူသားအဖြစ်ဖြင့် ဖြစ်လာကြသောအခါ မာဂဓဘာသာကိုပင် ပြောဆိုကြ ပေလိမ့်မည်။ ထို့ကြောင့် မာဂဓဘာသာကို ပြောဆိုသူများ စာရင်း၌ ကမ္ဘာဦးလူသားတို့ကိုပါ ထည့်သွင်း၍ ရူပသိဒ္ဓိ သဒ္ဒါကျမ်းနှင့် ကရိကာသဒ္ဒါငယ် ဂါထာနံပါတ် ၁၅၈ တို့၌ ပြဆိုခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။ ထို့ကြောင့်ကမ္ဘာဦးလူသားတို့ မာဂဓဘာသာကို ပြောသည်ဟု သိရှိရသဖြင့် ထိုဘာသာသည် ဘာသာတကာတို့၏ အရင်းဖြစ်သောကြောင့် မူလဘာသာ ဟုခေါ်ဝေါ် သုံးစွဲသည်ကိုလည်း တွေ့ရှိရပါသည်။

## မာဂဓဘာသာသည်မာဂဓဘာသာမဟုတ်

မာဂဓဘာသာဟုခေါ်သော ပါဠိဘာသာကိုပင် ရုပသိဒ္ဓိသဒ္ဒါကျမ်း စသောကျမ်းတို့၌ မာဂဓဘာသာ ဟုခေါ်ဝေါ်သည်ကို တွေ့ရှိရပါသည်။ အဘယာရာမဆရာတော် ရေးသား ပြုစုသော မောဂ္ဂလာန်နိသယကျမ်း နိဒါန်း၌လည်း မာဂဓီဘာသာဟုပင် ရေးသားသုံးစွဲထားသည်ကို တွေ့ရပါသည်။ ထိုသို့ရေးသားသော်လည်း မာဂဓဘာသာ (သို့မဟုတ်) ပါဠိဘာသာသည် မာဂဓီ ဘာသာမဟုတ်ပေ။

ပြာကတဘာသာတို့တွင် 'မာဂဓီ' ခေါ်သောဘာသာ တစ်ခုရှိပါသည်။ ယင်းဘာသာ၏ ဖြစ်ပေါ်ရာ ဒေသ သို့မဟုတ် ၎င်းဘာသာကို သုံးစွဲရာဒေသကား မာဂဓီဟူသော အမည်ကို ထောက်၍

မဂဓတိုင်းပင် ဖြစ်ပါသည်။ ဤမာဂဓီဟူသောဘာသာကို အာသောကမင်းကြီး၏ နိုင်ငံတော် မြောက်ပိုင်းနှင့် အရှေ့ပိုင်း ရှိခါလသီ၊ မိရဋ္ဌ၊ လောရိယာစသော၌ာနတို့တွင် တည်ရှိသော အာသောက ကျောက်စာများပေါ်တွင် တွေ့ရှိနိုင်ပါသည်။ ထို့နောက်နာဋကက (ပြဇာတ်) ကျမးတို့တွင်အသုံးပြုသော ပြာကတဘာသာတို့တွင်လည်း မာဂဓီဘာသာ ပါရှိ သည်ကို တွေ့ရှိရပြန်ပါသည်။ မာဂဓီဘာသာကို အစောဆုံး အသုံးပြုသော ကျမ်းမှာ အရှင်ဃောသ ရေးသားပြုစုသော နာဋကက ကျမ်းပင်ဖြစ်ပါသည်။ ၎င်း၏နောက်တွင် ဘာသ၊ ကာလီဒါသ စသော ဆရာကြီးတို့၏ နာဋကကကျမ်း၌လည်း မာဂဓီ ဘာသာကို သုံးစွဲသည်ကို တွေ့ရှိရပါသည်။

နာဋျသျှတတ္တရကျမ်းကို ပြုစုသူဘရတမုနိ၏ ပညတ်ချက်အရ ဤမာဂဓီဘာသာကို နာဋကျာကကျမ်း တို့တွင်ဘုရင်၏ နန်းတွင်းသူ၊ နန်းတွင်းသားများ၊ တွင်းတူးသမားများ၊ အရက်ဆိုင် ပိုင်ရှင်များ၊ မြင်းထိန်းများ၊ ဇာတ်ဆောင်များနှင့် ကိုယ်ရံတော်များ၊ အစေခံများနှင့် တံခါးသည်တို့ အတွက်သာ ယင်းမာဂဓီဘာသာကို အသုံးပြုသည်ကို ဆိုထားပါသည်။ ဤသို့ဖြင့်နိမ့်ကျသော သူတို့အတွက်သာ မာရဓီ ဘာသာကိုအသုံး ပြုရန်ဘရတမုနိစသော ရှေးသက္ကတပညာရှိကြီးတို့ သတ်မှတ် ညွှန်ကြားခဲ့၍ မာဂဓီဘာသာသည် နိမ့်ကျသော လူတန်းစား တို့၏ ဘာသာစကားသာ ဖြစ်ပါသည်။ သက္ကတကျမ်းပြုဆရာများ အောက်တန်း ချ၍ မိန့်ဆိုခံရသော မာဂဓီဘာသာ စကားသည် ယခုအခါ ပါဠိဘာသာဟု ခေါ်အပ်သည် မာဂဓဘာသာ မဟုတ်နိုင်ပါ။ မာဂဓီဘာသာ စကားသည် နားကြားအားဖြင့်လည်းကောင်း၊ အရေးအသားအားဖြင့်လည်းကောင်း၊ ပါဠိဘာသာနှင့် မတူ ထူးခြားကွဲပြားသည့်အပြင် သဒ္ဒါအထားအသိုတို့၌လည်း တစ်ခုနှင့်တစ်ခုကွာခြားသောကြောင့် ပါဠိဘာသာ (သို့မဟုတ်) မာဂဓဘာသာသည် မာဂဓီဘာသာ လုံးဝမဟုတ်နိုင်ဟုထင်မြင်ပါသည်။

## ပါဠိဘာသာနှင့်သက္ကတဘာသာ

ပါဠိဘာသာသည် သက္ကတဘာသာနှင့်လည်း တူညီမှုများ ရှိပါသည်။ သက္ကတ ဘာသာသည် ဝေဒိကသက္ကတ၊ နဝီနသက္ကတ ဟု နှစ်မျိုး ရှိရာဝေဒိကသက္ကတဟူသည် ဣရု၊ ယဇု၊ သာမ၊ အထဗ္ဗဏ ဟူသော ဝေဒလေးကျမ်းနှင့် ၎င်းတို့၏ အခြံအရံကျမ်းများ၌ အသုံးပြုသည့် ရှေးဟောင်းသက္ကတ ဘာသာဖြစ်သည်။ နဝီန သက္ကတသည်ဣတိဟာသကျမ်း၊ ပုရာဏကျမ်း၊ ကာဗျကျမ်း၊ နာဋကကမ်း စသည်တို့၌တွေ့ရသော နောက်ပေါ်သက္ကတ ဘာသာဖြစ်သည်။ ဝေဒိကသက္ကတသည် မူလအရင်း အမြစ် ဖြစ်ပြီး နဝီနသက္ကတမှာ ဝေဒိက သက္ကတမှ ဆင်းသက်ရွေ့လျားလာသော ဘာသာဖြစ်ပါသည်။ ယင်း ဘာသာနှစ်မျိုးလုံးကို ဗြာဟ္မဏ (ဟိန္ဒူ) သာသနာဝင်တို့က အလေးအမြတ်ထားကြသည်။ သို့သော် ဝေဒိက သက္ကတကိုကား နဝီနသက္ကတထက်ပို၍ အလေးအမြတ်ပြုကြသည်။ ထိုနှစ်မျိုးသော သက္ကတတို့မှာပင် ပါဠိဘာသာနှင့် နီးစပ်တူညီသော အချက အများအပြားပင်တွေ့ရှိရပါသည်။ အထူးသဖြင့် ပုဒ်နေပါဠ်ထားတို့၌ လုံးဝတူညီသော ပုဒ်များနှင့် လုံးဝမတူသော်လည်း မှန်းဆ သိနိုင်သောပုဒ်များ အများအပြား တွေ့ရှိနိုင်ပါသည်။ ဥပမာ– ဂမ္ဘီရ၊ ဇီဝိတ၊ သူကရ၊ မဓု၊ သုခ၊ သဘာ၊ ဂါထာ၊ မုခစသော ပါဠိနှင့်သက္ကတဘာသာတို့၌ လုံးဝတူညီသော ပုဒ်များ ဖြစ်ပါ၍ ဇောတိ၊ ဒုးခ၊ မုတ္တာ၊ မုဒ္ဒရ၊ ယဝိ၊ သွိတ စသောပုဒ်တို့ကား လုံးဝမတူသော်လည်း မှန်းဆသိနိုင်သော ပုဒ်များပင်ဖြစ်ပါသည်။

ပါဠိဘာသာသည် အင်ဒိုဥရောပမျိုးရိုးစုဝင်၊ အပြင်ဝဘတ် သွယ်ရုပ်ပြောင်းဘာသာ ဖြစ်ပါသည်။ ဝိဘတ်သွယ်ရုပ်ပြောင်းဘာသာမျိုး၌ စကားလုံးတို့သည်ပင်ကိုရုပ်အတိုင်း တည်မြဲခြင်း မရှိဘဲ ပြောင်းလဲကြပါသည်။ စကားလုံးတို့၏ သဘောအဓိပ္ပါယ်ကိုလည်း ရှေ့ဆက်ပစ္စည်း၊ နောက်ဆက်ပစ္စည်းများက ချယ်လှယ်ပြောင်းလဲပေးကြပါသည်။ ပူးတွဲ ဘာသာတွင် ရှေ့ဆက်ပစ္စည်း၊ နောက်ဆက်ပစ္စည်းတို့သည် ပင်မစကားလုံးနှင့်ကင်း၍ ရပ်တည်နိုင်ကြသော်လည်း ဤဝိဘတ်သွယ် ရုပ်ပြောင်းဘာသာမျိုးတွင်မူ ရှေ့ဆက်ပစ္စည်း၊ နောက်ဆက်ပစ္စည်းတို့သည် ပင်မစကားနှင့် ကင်းကွာ

၍ သီးခြားရပ်တည်နိုင်ခြင်း မရှိပါ။ ပင်မစကားလုံးကို အမှီသဟဲပြုကြရပါသည်။ ယင်းသို့ပင်မစကားလုံးနှင့် ရှေ့ဆက်၊ နောက်ဆက် ပစ္စည်းတို့ ပူးပေါင်းလိုက်သောအခါ အသွင်ပြောင်းလဲသည်ကို အကြောင်းပြု၍ ဝိဘတ်သွယ်ရုပ်ပြောင်း ဘာသာဟုပညတ်ခြင်း ဖြစ်ပါသည်။ ရုပ်ပြောင်းလဲခြင်းမှာ နှစ်မျိုးရှိပါသည်။ ယင်းတို့မှာ– (က) အတွင်းရုပ်ပြောင်းလဲ ခြင်းနှင့် (ခ) အပြင်ရုပ်ပြောင်းလဲခြင်း ဟူ၍ ဖြစ်ပါသည်။ အပြင်ရုပ်ပြောင်းလဲခြင်း၌ အဓိကအားဖြင့် နောက်ဆက်ပစ္စည်းများကြောင့် ပြောင်းလဲသည်ဖြစ်ရာ နောက်ဆက်ပစ္စည်းများကို ပါဠိဘာသာ၌ သုံးမျိုး ခွဲထားပါသည်။ ၎င်းတို့မှာ – (က) ကိတ်ပစ္စည်းများ (ခ) တဒ္ဓိတ်ပစ္စည်းများ၊ (ဂ) ကွိပစ္စည်းတို့ဖြစ်ပါ သည်။

(က) ကိတ်နောက်ဆက်ပစ္စည်းများသည် ဓာတ်တို့နောက်၌ သက်ရသော ပစ္စည်းများ ဖြစ်ပါသည်။

ပုံစံ၊ ။ ✔ပစ် + အ (ကိတ်ပစ္စည်း) = ပစ 'ချက်ခြင်း'

✔ဒါ + အန (ကိတ်ပစ္စည်း) = ဒါန 'ပေးလှူခြင်း'

✔ ပါ + အနီယ (ကိတ်ပစ္စည်း) = ပါနီယ 'သောက်ရေ'

(ခ) တဒ္ဓိတ်ပစ္စည်းများသည် ပုဒ်တို့နောက်၌ သက်သော နောက်ဆက်ပစ္စည်းများ ဖြစ်ပါသည်။

ပုံစံ၊ ။ အန္တ (ပုဒ်) + ဣမ (တဒ္ဓတ်) = အန္တိမ 'အဆုံး၌ဖြစ်သော'

မဇ္ဈ (ပုဒ်) + ဣမ (တဒ္ဓိတ်) = မဇ္ဈိမ 'အလယ်၌ဖြစ်သော'

ဣန္ဒြ (ပုဒ်)+ ဣယ (တဒ္ဓိတ်) = ဣန္ဒြိယ 'အစိုးရခြင်း'

(ဂ) ကွိပစ္စည်းများသည် ဓာတ်ကိုနောက်ဆက်ပစ္စည်းအဖြစ်ဖြင့် အသုံးပြုထားသော ပစ္စည်းများ ဖြစ်ပါသည်။

ပုံစံ၊ ။ ပရိ 'ပတ်ဝန်းကျင်' + ✔ခန် = ပရိခါ 'ကျုံး'

ပါရ 'တစ်ဘက်ကမ်း' + ✔ဂမ် = ပါရဂူ 'တစ်ဘက်ကမ်းသွားသူ'

သီတ 'အေးခြင်း' + ✔ဂမ် = သီတဂူ 'အေးခြင်းသို့ရောက်သူ၊ လမင်း'

အထက်ပါကိတ်၊ တဒ္ဓိတ်နှင့် ကွိပစ္စည်းများကို နောက်ဆက်များအဖြစ်ဖြင့် အသုံးပြုသောအခါ ပါဠိစကာလုံးများသည် အပြင်ပြောင်းလဲမှုဖြစ်ပေါ်ရကား ပါဠိဘာသာကို 'အပြင်ရုပ်ပြောင်းဘာသာ' ဟူ၍ဘာသာဗေဒသိပ္ပံပညာရှင်များကမှတ်ချက်ချခြင်းဖြစ်ပါသည်။

ဗန္ဓနဗေဒနည်းအရ ပါဠိဘာသာသည် ကမ္ဘာ့ရုပ်ပြောင်း ဘာသာ များ၌ ပါဝင်ပါသည်။ ရုပ်ပြောင်းဘာသာဆိုသည်နှင့်အညီ ပါဠိဝါကျ တစ်ကြောင်း စီကုံးရာတွင် ဝါကျတွင်းရှိ ဝါစကပုဒ်တို့သည် မူရင်း ပုဒ်အတိုင်းမဟုတ်ဘဲ ရှေ့ကဆက်သောဝိဘတ်၊ နောက်ကဆက်သော ဝိဘတ်တို့ဖြင့် ပေါင်းစပ်ကာသဒ္ဒါနည်းအရ ပြောင်းလဲဖြစ်ပေါ်လာသော သဘောရှိပါသည်။ ပါဠိဝါကျ တည်ဆောက်ရာ၌ နာမ်ပုဒ်များသည် မိမိဆိုလိုရာ အနက်ဆောင်သည့် နာမ်ဝိဘတ်များသွယ်ပေးခြင်းဖြင့် မူလရုပ်မှ တစ်ပါးရုပ်သို့ ပြောင်းလဲသွားသကဲ့သို့ ကြိယာပုဒ် များကိုလည်း မူရင်းဓာတ်မှ ကြိယာတည်ပုဒ်ပြု ဝိဘတ်ပစ္စည်းများ ဦးစွာပေါင်းထည့် ပေးရပါသည်။ ဤသို့ဖြင့် ကြိယာပြုဝိဘတ်ထည့်ပေါင်း၍ ရလာသော ကြိယာတည်ပုဒ် ကိုမှတစ်ဖန် မိမိအလိုရှိရာ ယောဂ၊ ဝုစ် နှင့် ကာလ၊ နယပစ္စည်းများ ထပ်မံပေါင်းခြင်းဖြင့် ပါဠိဝါကျ တစ်ခုအတွက် အသုံးပြုလိုရာ ကြိယာပုဒ်တစ်ခုရလာပါသည်။ နာမ်ပိုင်း၌လည်း ပုတ္တဟူသော ပါဠိပုဒ် တစ်ခုသည် 'သား' ဟူသောအနက်ရ နာမ်တည်ပုဒ်တစ်ခုသာဖြစ်ပြီး ဝါကျ၌မူရင်းပုဒ်ပုတ္တအတိုင်း ထည့်သွင်း သုံးစွဲ၍ မရပါ။ ကတ္တားပုဒ်အဖြစ် အသုံးပြုလိုပါက ပုတ္တဟူသော ပုဒ်နောက်တွင်ကတ္တား အနက် ဆောင်သည့် 'သြ' ပစ္စည်းပေါင်းထည့်ပေးခြင်းဖြင့် ပုတ္တ + သြ = ပုတ္တော 'သားသည်' ဟူ၍ အနက် ရလာပါသည်။ အကယ်၍ ဝါကျတွင်း၌

ကံပုဒ်အဖြစ်အသုံးပြုလိုလျှင် မြန်မာဝါကျမှာကဲ့သို့ 'သားကို' ဟု 'သား' ဟူသောမူရင်းပုဒ်ကို 'ကို' ဟူသောကံအနက်ပေးပစ္စည်းနှင့် နကိုမူရင်းမပျက်ဘဲ ပူးတွဲသုံး၍မရပါ။

ပုတ္တဟူသော ပုဒ်ရင်းကိုကံအနက်ဆောင်သော ဝိဘတ် – ဖြင့် သွယ်ပေါင်းပေးပါက ပုတ္တ +– = ပုတ္တံ ဟူသော ကမ္မပုဒ်သို့ ပြောင်းသွားသည့်အခါမှ 'သားကို' ဟူသောအနက်ဖြင့် ဝါကျ၌ထည့်သွင်း သုံးစွဲ၍ရပါသည်။ ဤသို့ မူရင်းနာမ်ပုဒ်တစ်ခုတွင် မိမိလိုရာ အနက် ဆောင်သော ဝိဘတ်ပစ္စည်းများ သွယ်ပေါင်းပေးခြင်းကို ပါဠိဘာသာ၌ နာမ်ဝိဘတ်သွယ်ခြင်း သို့မဟုတ် ပဒမာလာစဉ်ခြင်း ဟု ခေါ်ပါသည်။

ထို့အတူပင် ပါဠိဝါကျ၌ ပါဝင်သော ကြိယာပုဒ်တစ်ခုကိုလည်း မည်သို့မျှ ခွဲခြမ်း စိတ်ဖြာ၍ မရသော ဓာတုပုဒ် (ဓာတ်) မှ အစပြုတည်ဆောက်ရပါသည်။ ပုံစံအားဖြင့် 'ကျွန်ုပ်သိ၏' ဟုဆိုလို ရာတွင်မြန်မာဝါကျစီကုံးမှုမှာကဲ့သို့ 'ကျွန်ုပ်' တစ်လုံး 'သိ' တစ်လုံး '၏' တစ်လုံးစီ စီတန်းရေးချ၍ မရပါ။ 'သိ' ဟူသောအနက်ရသည့် ✔ ဗုဓ်၌ ကြိယာသည် ပုဒ်ပြုပစ္စည်း 'ယ' ကို ပေါင်းထည့် ခြင်းဖြင့် ဗုဇ္ဈ = 'သ' ဟူသောကြိယာတည်ပုဒ် တစ်ခုရလာပါသည်။ ထိုမှပစ္စုပ္ပန်ကာလ၊ အမှယောဂ၊ ဧကဝုစ်ကိန်း ဝိဘတ်ဖြစ်သည့် 'မိ' ကိုထပ်ပေါင်းစပ်သည့် အခါ ဗုဇ္ဈာမိ = 'ကျွန်ုပ်သိ၏' ဟု အနက်ဆောင်သော ကြိယာပုဒ်ရလာ၏။ ဤသို့ကြိယာပုဒ်ရလာအောင် ပေါင်းစပ်ခြင်းကို ပါဠိ ဘာသာ၌ ကြိယာဝိဘတ်သွယခြင်း ဟုခေါ်ပါသည်။ ဤဗုဇ္ဈာမိ ကြိယာပုဒ်၏ ရှေ့၌ရှေ့ဆက်ပစ္စည်း ပကို ထည့်ပေါင်းသော် ပဗုဇ္ဈာမိ = 'ကျွန်ုပ်' (အိပ်ရာမှနိုး၏) ဟူသော အဓိပ္ပါယ်ပြောင်းသော အနက်ပေးသည့် ကြိယာပုဒ် ရပါသည်။ တစ်ဖန် ဗုဇ္ဈာတိကြိယာပုဒ်၌မူလရုပ်ဖြစ်သော ✔ဗုဓ် ကို တပစ္စည်းဆက်သော ဗုဒ္ဓ (အလုံးစုံသောတရားကို) သိသောသူ ဘုရားရှင်ဟူသော အနက် ဆောင်သည့် နာမ်ပုဒ်ရပါသည်။ ယင်းဗုဒ္ဓ 'ဘုရား' ဟူသော နာမ်ပုဒ်ကို 'ဘုရားသည်၊ ဘုရား၏၊ ဘုရားကို၊ ဘုရားအားဖြင့်' စသော အနက်အဓိပ္ပါယ်ဖြင့် အသုံးပြုလိုပါက သက်ဆိုင်ရာ နာဝိဘတ် သွယ်များ ပေးရပါမည်။

ထိုသို့ဝါစင်္ဂပုဒ်တစ်ခုရစေရန် မူရင်းပုဒ်တွင်ဝိဘတ်သွယ်ပေါင်းထည့်ရသော ပစ္စည်းများသည် မူရင်းပုဒ်မှခွဲထွက်၍ ကိုယ်ပိုင်အနက်အဓိပ္ပါယ်ဖြင့် သီးခြားရပ်တည်နိုင်သော သဘောမရှိပါ။ ဝိဘတ်အဖြစ် ဆက်ပေါင်းရသော နောက်ဆက်ပစ္စည်းများသည်ဝါကျအတွင်း ဝါစင်္ဂပုဒ်အချင်းချင်း ဆက်ဆံမှုသဘောကသာ ညွှန်ပြလေ့ရှိသည်။ သို့သော်မူရင်းပုဒ်၏ရှေ့ကဆက်သော ရှေ့ဆက်ပစ္စည်း သည်ကား မူရင်းပုဒ်၏ အနက်အဓိပ္ပါယ်ကို အများအားဖြင့် ခြယ်လှယ်ပြောင်းလဲ လေ့ရှိပါသည်။

ဤသို့သီးခြားရပ်တည်၍ မရကောင်းသော ဝိဘတ်များဖြင့် မူရင်းပုဒ်၏ ရှေ့က လည်းကောင်း၊ နောက်ကလည်းကောင်း ဆက်သွယ်ပေါင်းစပ်ခြင်းဖြင့် မူလရုပ်သွင် ပြောင်းလဲ သွားသော သဘောရှိသောကြောင့်ပင် ပါဠိဘာသာကိုပြင်ပရုပ်ပြောင်းဘာသာ သို့မဟုတ် ဝိဘတ် သွယ်ရုပ်ပြောင်းဘာသာ ဟူ၍ ခေါ်ဆိုရခြင်းဖြစ်ပါသည်။

ပါဠိဘာသာတွင် ကိုယ်ပိုင်အက္ခရာမရှိခြင်းသည် ထူးခြားချက် တစ်ရပ်ဖြစ်ပါသည်။ မြန်မာဟူသော ဝေါဟာရကိုလူမျိုး၊ ဘာသာစကားနှင့် အက္ခရာတို့အတွက် ဝိသေသနပုဒ်အဖြစ် အသုံးပြုသော်လည်း ပါဠိ ဟူသောဝေါဟာရကို ထိုကဲ့သို့သုံး၍မရပါ။ ပါဠိသည် ဗုဒ္ဓဝစန၏ စကားလှယ်ပုဒ်အဖြစ်မှ ယင်းဗုဒ္ဓဝစန ကိုဘာသာစကား၏ ဝိသေသနပုဒ် အဖြစ်သို့ ပြောင်းလဲ သုံးနှုန်းခြင်းဖြစ်ပါသည်။ ပါဠိဘာသာစကား ကိုရေးသားရန်အတွက် ပါဠိအက္ခရာဟူ၍ သီးခြား မရှိပါ။ ယင်းဘာသာကို အိန္ဒိယ၌ဗြာဟ္မီအက္ခရာ၊ ဒေဝနာဂရီအက္ခရာနှင့် ဟိန္ဒီ၊ ဘင်္ဂါလီစသော ခေတ်သစ်အိန္ဒိယန်အက္ခရာတို့ဖြင့်ရေးသားကြပါသည်။ မြန်မာပြည်တွင် မွန်–မြန်မာအက္ခရာတို့ဖြင့် ရေးသားပြီး သီဟိုဠ်တွင် သီဟိုဠ်အက္ခရာ၊ ယိုးဒယားတွင် ယိုးဒယား အက္ခရာဖြင့် ရေးသား ကြပါသည်။ ဥရောပ နိုင်ငံများတွင် ပါဠိဘာသာကို ရောမအက္ခရာဖြင့် ရေးသားကြပါသည်။

## မြန်မာဘာသာအမျိုးအစား

ကမ္ဘာတစ်ဝန်း၌ ပြောဆိုရေးသားလျက်ရှိကြသော ဘာသာစကား တို့သည် အရေအတွက်အားဖြင့် အလွန်များပြားပါသည်။ အချို့ပညာရှင် များ၏ အလိုအရ ယနေ့ ကမ္ဘာပေါ်တွင် ဘာသာစကားအမျိုး ပေါင်း ၅၀၀၀ ထက်မနည်းရှိသည်ဟုသိရပါသည်။ ဘာသာစကားများသည် တစ်ခုနှင့်တစ်ခု ကွဲပြားခြားနားမှုများရှိပါသည်။ သို့သော် ဘာသာစကားအားလုံးတွင် တူညီသောအခြေခံသဘောလက္ခဏာတစ်ခုမှာ–

လူတို့၏နှုတ်ခံတွင်းမှ အသံများထွက်ပြီး ပြောဆိုရခြင်းဟူသော လက္ခဏာတစ်ရပ် ဖြစ်ပါသည်။ မြန်မာဘာသာစကားသည် တိဗက်–တရုတ် ဘာသာစကားမျိုးရိုးကြီးမှ ဆင်းသက်လာသော တိဗက်–မြန်မာ မျိုးခွဲတွင်ပါဝင်သည့် ဘာသာစကားတစ်ခုဖြစ်ပါသည်။ မွန်ဘာသာစကားသည် ဩစထရစ်ခေါ် တောင်ပိုင်းဘာသာစကားမျိုးရိုးကြီးမှ ဆင်းသက်လာသော မွန်ခမာအနွယ်ဝင်ဘာသာစကားတစ်ခု ဖြစ်ပါသည်။ ထို့အတူ ပါဠိဘာသာ၊ အင်္ဂလိပ်ဘာသာ၊ ဥက္ကတဘာသာ တို့သည် အင်ဒိုဥရောပဘာသာစကား မျိုးရိုးကြီးမှ ဆင်းသက်လာသော ဘာသာစကားများ ဖြစ်ကြ ပါသည်။

ပညာရှင်တို့သည် ဘာသာစကားအမျိုးအစားများကို ဝါကျဖွဲ့ပုံ ဖွဲ့နည်းအရ လေးမျိုးလေးစားခွဲ ခြားထားပါသည်။ ယင်းတို့မှာ–

(၁) နေရာရွေး သို့မဟုတ် တသီးပုဂ္ဂလ သို့မဟုတ် ဧကဝဏ္ဏဘာသာ

(၂) ကိုယ်တွင်းပြည့်ဘာသာ

(၃) ပူးတွဲဘာသာ

(၄) ဝိဘတ်သွယ်ရပ်ပြောင်းဘာသာ ဟူ၍ဖြစ်ပါသည်။

## တသီးပုဂ္ဂလ သို့မဟုတ် ဧကဝဏ္ဏဘာသာ

'တသီးပုဂ္ဂလဘာသာ၊ ကိုယ်တွင်းပြည့်ဘာသာ၊ ပူးတွဲဘာသာ၊ ဝိဘတ် သွယ်ရပ်ပြောင်းဘာသာ ဟူ၍လေးမျိုးလေးစား ခွဲခြားထားသော်လည်း တစ်မျိုးနှင့်တစ်မျိုး မည်သို့မျှ စပ်ဆိုင်ခြင်းမရှိဟု မယူဆသင့်ပါ။ စင်စစ် အများအားဖြင့် ဘာသာတစ်ခုသည် တစ်မျိုးမျိုးတွင် ပါဝင်သည်ဟုဆိုသော်လည်း အခြားအမျိုးတွင်လည်း ပါဝင်နိုင်သော လက္ခဏာများကို ယင်းဘာသာတို့၌ ရံဖန်ရံခါတွေ့ရတတ်ပါသည်။

အထက်ပါဆရာကြီးဦးဖေမောင်တင်၏အဆိုသည် မြန်မာဘာသာအတွက် အထူးပင် မှန်ကန်လှပါသည်။ မြန်မာဘာသာသည် မည်သို့သော ဘာသာအမျိုးအစားတွင် ပါဝင် သနည်းဟူသော ပြဿနာသည် ယနေ့မြန်မာစာပေလောက၌ မပြေလည်သေးသည့် ပုစ္ဆာတစ်ခု ပင်ဖြစ်ပါသည်။ အချို့သောပညာရှင်တို့က မြန်မာဘာသာကို ဧကဝဏ္ဏဘာသာဟူ၍ သတ်မှတ် ကြ၏။ အချို့မှာ မရေရာမသေချာဘဲ အမျိုးမျိုးဝိဝါဒ ကွဲနေပါသည်။

'ဧကဝဏ္ဏဘာသာ' ဆိုသည်မှာ အသံတစ်ချက်၊ အနက်တစ်ခု သို့မဟုတ် ဝဏ္ဏတစ်ခု အဓိပ္ပါယ်တစ်ခုရှိသောစကားလုံးများနှင့် ဖွဲ့စည်းထားလျှင် ထိုဘာသာစကားမျိုးကို ဧကဝဏ္ဏဘာသာ စကားဟုခေါ်ပါသည်။ ဥပမာ – လူ၊ အိမ်၊ တော၊ မိုး၊ ပြေး၊ ပြော၊ ငို၊ အိပ်၊ စား စသည့် မြန်မာစကားလုံးတို့ဖြစ်ပါသည်။ တစ်ဖန်မြန်မာဘာသာတွင် တောက်လျှောက်၊ တိတ်ဆိတ်၊ သနား၊ ကစား၊ ရုတ်တရက်၊ ခက်တရော်၊ တလုံလဲလဲ၊ စနောင့်စနင်း စသောစကားလုံးတို့သည် မြန်မာစကား

စစ်စစ်ဖြစ်သော်လည်း ဝဏ္ဏတစ်ခုထက် ပိုနေကြပါသည်။ ထို့ကြောင့် မြန်မာဘာသာ ကို ဧကဝဏ္ဏဘာသာဟူ၍ တထစ်ချမှတ်ယူ၍ မရနိုင် တော့ပါ။ တောက်လျှောက် ဟူသော စကားလုံး၌ တောက် ကအသံတစ်ချက်၊ လျှောက် ကအသံ တစ်ချက်၊ ပေါင်းအသံနှစ်ချက် ပေါင်းစပ်မှသာလျှင် တောက်လျှောက် ဟူသည့်အဓိပ္ပါယ်ပြည့်စုံသော စကားလုံးကိုရရှိနိုင်ပါသည်။ ယင်းတောက်လျှောက် ကဲ့သို့ပင် တိတ်ဆိတ်၊ သနား၊ ကစား၊ ရုတ်တရက်၊ ခက်တရော်၊ တလုံလဲလဲ၊ စနောင့်စနင်း စသော စကားတို့သည်လည်း အသံနှစ်ချက်၊ သုံးချက်၊ လေးချက်ထွက်ကြရာ မြန်မာဘာသာကို တစ်နည်းအားဖြင့် 'ဗဟုဝဏ္ဏဘာသာ' ဟူ၍ပင်ဆိုနိုင်စရာရှိပါ သည်။

ဤကဲ့သို့ အသံများစွာ ပေါင်းစပ်ထားသော ဗဟုဝဏ္ဏအမျိုးအစား မြန်မာစကား လုံးတို့ကို မြန်မာဘာသာတွင် အများအပြားတွေ့ရသောကြောင့် မြန်မာဘာသာကို ဧကဝဏ္ဏဟု သတ်မှတ်သည်ထက် ဗဟုဝဏ္ဏနှင့် ဧကဝဏ္ဏသဘောမျိုး ပေါင်းစပ်ပါဝင်သည့် တသီးပုဂ္ဂလဘာသာဟု ဆိုနိုင်ပါသည်။ ထို့ပြင် ဤဘာသာမျိုးကို နေရာရွေးဘာသာဟုလည်း ဆိုနိုင်ပါသည်။ နေရာရွေးဘာသာ ဆိုသည်မှာ အချို့သောဘာသာစကားတို့တွင် ဝါကျဖွဲ့ရာ၌ စကားလုံးတို့သည် လည်းကောင်း၊ ပုဒ်တို့သည်လည်းကောင်း မိမိတို့အတွက် သီးသန့် ထားသောနေရာ၌ နေရမှသာလျှင် ဆိုလိုချင်သည့် အဓိပ္ပါယ်ကိုမရဘဲ အခြားအဓိပ္ပါယ်ကို ပေးနိုင်သည်။ သို့မဟုတ် အခြားအဓိပ္ပါယ်တစ်ခုခုလည်း ဖြစ်သွား နိုင်ပါသည်။ သဒ္ဒါလည်း ပျက်သွားနိုင်ပါသည်။ ဝါကျတည်ဆောက်ရာ၌ ဝါကျခွဲ၊ ပုဒ်၊ စကားလုံး စသည်တို့၏ နေရာကိုလိုက်၍ အဓိပ္ပါယ်ပြောင်းလဲသွားသော ဘာသာစကားမျိုးကို နေရာရွေးဘာသာ စကားဟုဆိုနိုင်ပါသည်။

## ပူးတွဲဘာသာ

ပူးတွဲဘာသာဆိုသည်မှာ ဘာသာစကားတစ်ခုတွင် စကားလုံး တစ်မျိုးမှ အခြား စကားလုံး တစ်မျိုးပွားယူရာ၌လည်းကောင်း၊ ဝါကျဖွဲ့မှုအတွက် ဝိဘတ်သွယ်ရာ၌ လည်းကောင်း ရုပ်ရင်းများကို တစ်ခုနှင့်တစ်ခု ကော်ဖြင့်ကပ်သကဲ့သို့ ပူးတွဲ၍ပွားယူပြီး ဝါကျ တည်ဆောက်ပါက ထိုဘာသာ စကားကို ပူးတွဲဘာသာစကားဟု ခေါ်ဆိုပါသည်။

ရုပ်ရင်းတစ်ခုနှင့်တစ်ခုကပ်၍ စကားလုံးအသစ်များပွားယူသည်၊ ဝိဘတ်သွယ်ယူသည် ဆိုရာတွင် ရုပ်သီးတစ်ခုခုကိုပင်တိုင်ထား၍ ရုပ်မှီးတစ်ခုတည်းဖြစ်စေ၊ တစ်ခုထက်ပို၍ဖြစ်စေ ကပ်လျက်ပွားယူသည် ကိုဆိုလိုပါသည်။ စကားလုံးတစ်မျိုးမှ အခြားတစ်မျိုးပြောင်း ယူသည်ဆိုရာ၌ စကားလုံး၏ပုံသဏ္ဌာန်သစ် တစ်ခုရအောင်ဖြစ်စေ၊ သဒ္ဒါစကားလုံး အမျိုးအစား တစ်ခုမှ သဒ္ဒါစကားလုံး အမျိုးအစား အသစ်တစ်ခုရ အောင်ဖြစ်စေ ပြောင်းယူခြင်းဖြစ်ပါသည်။ ဥပမာ – ဆေးသမား၊ တော်လှန်ရေးသမား၊ သီကရီ၊ ဝိုးတဝါး စသည့်စကားလုံးတို့ ဖြစ်ပါသည်။ ဆေးသမားတွင် ဆေးရုပ်သီးကို သမားရုပ်မှီးနာမ်တစ်ခုမှ နောက် နာမ်အသစ် ရအောင် ပြောင်းယူထားပါသည်။ တော်လှန်ရေး သမားတွင် တော်လှန် ရုပ်သီးကို ရေးနှင့် သမား ရုပ်မှီးများ ကပ်၍ကြိယာမှနာမ်ဖြစ်အောင် ပြောင်းယူထားပါသည်။ သီကရီ တွင် သီရီ ရုပ်သီး ကို –က– ရုပ်မှီးများကပ၍ ကြိယာမှကြိယာအထူးပြုဖြစ်အောင် ပြောင်းယူ ထားပါသည်။ ဝိုးတဝါး တွင် ဝိုးဝါး ရုပ်သီးကို –တ– ရုပ်မှီးထည့်ကပ်၍ ကြိယာအထူးပြုဖြစ်အောင်ပြောင်းယူထားသောကြောင့် ထို စကားလုံးတို့သည် ပွားယူသည့် စကားလုံးများဖြစ်ကြပါသည်။

အထက်ဖော်ပြပါပုံစံအတိုင်းစကားလုံးပွားရာ၌လည်းကောင်း၊ ဝိဘတ်သွယ်ရာ၌လည်းကောင်း၊ ရုပ်သီးတစ်ခုခုကိုပင်တိုင်ထား၍ ရုပ်မှီးတစ်ခုတည်းဖြစ်စေ၊ တစ်ခုထက်ပိုသော ရုပ်မှီးများကိုဖြစ်စေ၊ ကပ်လျက်ပွားယူသော ဘာသာစကားမျိုးသည် ပူးတွဲဘာသာစကား ဖြစ်ပါသည်။ မြန်မာဘာသာတွင် ပူးတွဲထားသောစကားလုံးတို့ကို မြောက်မြားစွာ တွေ့ရ ပါသည်။ 'အ' သည်မြန်မာဘာသာ၌ ရှေ့ဆက် ပစ္စည်းအဖြစ် ပင်မစကားများနှင့်ပူးတွဲကာ အလွန်အသုံးများပါသည်။ ဥပမာ – အသွားအလာ၊

အနေအထိုင်၊ အစားအသောက်၊ အကြံအစည်၊ အခြေအနေ စသည့် စကားလုံးတို့ဖြစ်ပါသည်။ ထို့ပြင်မြန်မာဘာသာ၌ နောက်ဆက်ပစ္စည်း မြောက်မြားစွာရှိပါသည်။ ယင်းတို့မှာ ခြင်း၊ စရာ၊ ဖွယ်၊ ရန စသည်တို့ဖြစ်ပါသည်။

ပုံစံ – သွားခြင်း၊ လာခြင်း၊ ချစ်စရာ၊ ဝတ်စရာ၊ စားဖွယ်၊ သောကဖွယ်၊ သွားရန်၊ ရေးရန် စသည်တို့ဖြစ်ပါသည်။ ယင်းနောက်ဆက် ပစ္စည်းများအပြင် သည်၊၏၊ကို၊အား၊၄ာ၊ အဖို့၊ အတွက်၊ ဖြင့်၊ နှင့်၊ ကြောင့်၊ ၌၊ မှာ၊ တွင်၊ ဝယ် အစရှိသော အခြား နောက်ဆက်များကို လည်းတွေ့ရပါသည်။ ထို့ပြင် ရံဖန်ရံခါ၌ မြန်မာဘာသာတွင် 'အလယ်ဆက်ပစ္စည်း' များကိုလည်း ထူးထူးခြားခြား တွေ့ရပါသည်။

ဥပမာ – အကျွမ်းဝင်ကို 'တ' ပေါင်း၍ အကျွမ်းတဝင်

တိတ်ဆိတ်ကို 'တ' ပေါင်း၍ တိတ်တဆိတ်

ကျော်စောကို 'တ' ပေါင်း၍ အကျော်တစော တို့ဖြစ်ပါသည်။

ဤကဲ့သို့ ရှေ့ဆက်၊ အလယ်ဆက်၊ နောက်ဆက် ပစ္စည်းများသည် မြန်မာဘာသာတွင် မြောက်မြား စွာရှိ နေသောကြောင့် မြန်မာဘာသာကို ပူးတွဲဘာသာဟူ၍လည်းခေါ်ဆိုနိုင်ပါသည်။

## ဝိဘတ်သွယ်ရုပ်ပြောင်းဘာသာ

ဘာသာစကားများတွင် ရုပ်ပြောင်းသည်ဆိုသည်မှာ စကားလုံး တို့၏ ပုံသဏ္ဍာန် ပြောင်းလဲသည်ကို ဆိုပါသည်။

ဥပမာ –cat 'ကြောင်'၊ cats'ကြောင်များ'၊ cat's 'ကြောင်၏'၊ cats' ကြောင်များ၏'စသည် တို့ဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် – cat ဟူသောစကားလုံး၏ ရုပ်နှင့် cats ဟူသော စကားလုံး၏ ရုပ်မတူပါ။ cats သည် cat ကို ရုပ်ပြောင်းထားသည့်စကားလုံးဖြစ်ပါသည်။ ထို့အတူ cat's သည်လည်းကောင်း၊ cats' သည်လည်းကောင်း cat ဟူသောစကားလုံး ၏ရုပ်မှ ပြောင်းလာ ကြသည့် ရုပ်ပွားများသာဖြစ်ပါသည်။ ထိုသို့ ပင်ကိုရုပ်တစ်ခုကို မူတည်၍ ပုံသဏ္ဍာန်အမျိုးမျိုး ပြောင်းယူခြင်းကို ရုပ်ပြောင်းသည် ဟုခေါ်ပါသည်။

ရုပ်ပြောင်းရာတွင် ဦးတည်ချက်နှစ်မျိုးရှိပါသည်။ ထိုနှစ်မျိုးမှာ –

(၁) စကားလုံးဖွဲ့မှုအတွက်

(၂) ဝါကျဖွဲ့မှုအတွက်ဖြစ်ပါသည်။

စကားလုံးဖွဲ့မှုအတွက် ရုပ်ပြောင်းသည်ဆိုသည်မှာ သဒ္ဒါစကားလုံး အမျိုးအစား တစ်ခုမှ အခြားသဒ္ဒါစကားလုံး အမျိုးအစားအသစ်တစ်ခု ပြောင်းယူခြင်းမျိုးကိုဆိုလိုပါသည်။ ဥပမာ – လုပ် ဟူသောကြိယာ၏ ပင်ကိုရုပ်တွင် ရှေ့ဆက် အ–ထည့်၍ပြောင်းသော် အလုပ် ဟူသောရုပ်သို့ ပြောင်းသွားပါသည်။ ပြောင်းသွားသောရုပ်နှင့်အတူ ကြိယာအမျိုးအစားမှ နာမ်အမျိုးအစားသို့ပြောင်း သွားသည်။ ထို့အတူ စား ဟူသော ကြိယာ၏ ပင်ကိုရုပ်တွင်နောက်ဆက် –စရာ ထည့်၍ ပြောင်းလိုကသည့်အခါ စားစရာ ဟူသောရုပ်သို့ပြောင်းသွားပါသည်။ ပြောင်းသွားသောရုပ်နှင့် အတူ ကြိယာအမျိုး အစားမှ နာမ်အမျိုးအစားသို့ပြောင်းသွားသည်ဖြစ်ပါသည်။ စားသည်ကြိယာဖြစ်၍ စားစရာသည် နာမ် ဖြစ်သောကြောင့်ဖြစ်ပါသည်။

စကားလုံးဖွဲ့မှုအတွက် ရုပ်ပြောင်းပုံကို အင်္ဂလိပ်ဘာသာစကားမှ ပုံစံပြရလျှင်– love 'ချစ်' ဟူသောကြိယာ၏ ပင်ကိုရုပ်တွင်နောက်ဆက် –er ထည့်၍ပြောင်းလိုက်သည့်အခါ lover 'ချစ်သူ' ဟူသောရုပ်သို့ ပြောင်းသွားပါသည်။ ပြောင်းသွားသောရုပ်နှင့်အတူ ကြိယာအမျိုးအစားမှ နာမ်

အမျိုးအစားသို့ ပြောင်းသွားပါသည်။ love 'ချစ်' သည် ကြိယာဖြစ်၍ lover 'ချစ်သူ'သည် နာမ်ဖြစ်ပါသည်။

အထက်ပါပုံစံများကဲ့သို့ သဒ္ဒါစကားလုံးအမျိုးအစားတစ်ခုမှအခြားသဒ္ဒါအမျိုးအစား တစ်ခုသို့ ပွားယူရန်အတွက် ရုပ်ပြောင်းခြင်းကို စကားလုံးဖွဲ့မှုအတွက် ဦးတည်၍ ရုပ်ပြောင်းသည်ဟု ခေါ်ပါသည်။

ဝါကျဖွဲ့မှုအတွက် ရုပ်ပြောင်းသည်ဟူရာတွင် စကားလုံးဖွဲ့မှု အတွက် ရုပ်ပြောင်း သည်နှင့် မတူပါ။ အထက်တွင် ပြဆိုခဲ့သည့်အတိုင်း စကားလုံးဖွဲ့မှုအတက် ရုပ်ပြောင်းရာတွင် ပင်ကိုစကားလုံး၏ သဒ္ဒါ အမျိုးအစားပါပြောင်းပါသည်။ ဝါကျဖွဲ့မှုအတွက် ရုပ်ပြောင်းရာ၌ ပင်ကိုစကားလုံး၏ ရုပ်သာပြောင်း၍ သဒ္ဒါစကားလုံးအမျိုးအစား မပြောင်းပါ။ ပုံစံပြရလျှင်–

cat 'ကြောင်'၊ cat's 'ကြောင်'၏ cats' 'ကြောင်များ၏' တို့သည် ပင်ကိုရုပ် cat ကပင်တိုင်ထား၍ပြောင်းထားသော ရုပ်များ ဖြစ်ကြပါသည်။ သို့ရာတွင်ပင်ကိုရုပ် cat သည်နာမ်ဖြစ်သကဲ့သို့ပင် cats, cat's နှင့် cats' တို့သည်လည်း အားလုံး နာမ်များချည်းဖြစ်ကြပါသည်။ ထို့ကြောင် cat rS cats, cat's, cats' များသို့ ရုပ်ပြောင်းခြင်းသည် စကားလုံးတိုးပွားမှုအတွက် ရုပ်ပြောင်းခြင်းမဟုတ်ဘဲ ဝါကျဖွဲ့စည်းမှုအတွက် ရုပ်ပြောင်းကြခြင်းသာဖြစ်ပါသည်။ ဝါကျဖွဲ့စည်းမှုအတွက် ပုံစံပြရလျှင်– cat 'ကြောင်' ဆိုသောစကားလုံးသည် go 'သွား' are going 'သွားနေကြ' စသည်ကြိယာတို့နှင့်ပူးပေါင်း၍ ဝါကျတည်ဆောက်နိုင်ခြင်းမရှိပါ။ အဘယ့်ကြောင့်ဆိုသော် cat go, cats are going စသော စကားလုံး အစုအဝေး တို့သည် အင်္ဂလိပ်သဒ္ဒါအရ လက်ခံနိုင်သောဝါကျမျိုးများမဖြစ်နိုင်ကြပါ။ cat go 'ကြောင်များသွားသည်' cat are going 'ကြောင်များသွားနေကြသည်' ဟူသော ဝါကျမျိုး သာလျှင် လက်ခံနိုင်သော ဝါကျမျိုးဖြစ်ပါသည်။ ထို့ကြောင့် cat ဟူသောပင်ကိုယ်ရုပ်ကို cats ဟသောရုပ်သို့ ပြောင်းရခြင်း ဖြစ်ပါသည်။

အင်္ဂလိပ်ဘာသာစကား၌သာမက ပါဠိဘာသာစကား၌လည်းဝါကျဖွဲ့မှုအတွက်ရုပ်ပြောင်းပေးရသည့် သဒ္ဒါ သဘောများရှိပါသည်။ ပုံစံအားဖြင့် ပုရိသော 'ယောကျ်ားသည်' သည် ဂစ္ဆတိ 'သွား၏' နှင့်ပူးပေါင်း၍ ပုရိသောဂစ္ဆတိ 'ယောကျ်ားသည်သွား၏' ဟူသောဝါကျမျိုးဖြစ်ပါသည်။ ထိုသို့စကားလုံးတစ်ခုသည် အခြား စကားလုံး တစ်ခုနှင့်ပူးပေါင်း၍ ဝါကျတည်ဆောက်ယူနိုင်ရန် အတွက်ရုပ်ပြောင်း ပေးခြင်း မျိုးကိုဝါကျဖွဲ့မှုအတွက် ရုပ်ပြောင်းခြင်းဟု ခေါ်ပါသည်။ စကားလုံးပွားမှုအတွက် ရုပ်ပြောင်း ခြင်းမျိုးကို ဝိဘတ်သွယ်ခြင်းဟုခေါ်ဆိုပါသည်။

ရုပ်ပြောင်းဝိဘတ်သွယ် ဘာသာစကားမျိုး၌ရှိသော ရုပ်သီးနှင့် ရုပ်မှီးကို ပြုပြင်ပြောင်းလဲယူပါသည်။ ထိုသို့ရုပ်သီးနှင့်ရုပ်မှီးကိုပေါင်းစပ်ပြီး နောက်ပင်ကိုယ်ရုပ်သီးနှင့် ပင်ကိုယရုပ်မှီးအတိုင်း ပြန်မရနိုင်သည့် ရုပ်ကို ပြုပြင်ပြောင်းလဲမှုရှိသည့် ဘာသာစကားကို ရုပ်ပြောင်းဘာသာစကားဟု ခေါ်သည်။ ရုပ်ပြောင်းခြင်း နှစ်မျိုးရှိပါသည်။ ၎င်းတို့မှာ အတွင်းရုပ်ပြောင်းခြင်း နှင့် အပြင်ရုပ်ပြောင်းခြင်း တို့ဖြစ်ပါသည်။

မြန်မာဘာသာတွင် ရုပ်ပြောင်းလက္ခဏာဆောင်သည့် စကားလုံးများကိုလည်း တွေ့နိုင်ပါသည်။ ပုံစံပြရသော်–

ကျွန် + နုပ် = ကျုပ်

ပေ + အံ့ = ပိမ့်

လေ + အံ့ = လိမ့်

ထို့ပြင်မြန်မာဘာသာစကားတွင် က–ကာ–ကား၊ တိ–တီ–တီး၊ စု–စူ–စူး စသည်ဖြင့် အသံသုံး သံစီတွဲကာရွတ်ဆိုကြရပါသည်။ ထိုသုံးသံ၏တစ်သံနှင့်တစသံသည် အသံတက်ပုံကျပုံမှာ ကွာခြား ပါသည်။ အသံအတက်အကျကွာခြားသွားသည်နှင့် စကားလုံး တစ်လုံးခြင်းစီ၏ အဓိပ္ပါယ်မှာလည်း တခြားစီဖြစ်သွားပါသည်။ ထိုအတက်အကျကို ဘာသာစကား လေ့လာသော ပညာရှင်တို့က 'တက်ကျသံ'ဟုဆိုပါသည်။ တက်ကျသံကြောင့် အဓိပ္ပါယ်ပြောင်းသွားသော ဘာသာစကားမျိုးကိုလည်း တက်ကျသံဘာသာစကားဟု ခေါ်ကြပါသည်။ မြန်မာဘာသာစကားသည်လည်း တက်ကျသံဘာသာစကားတစ်ခုဖြစ်ပါသည်။ တက်ကျသံကြောင့် စကားလုံးများ အဓိပ္ပါယ်ပြောင်း ခြင်းသည် မြန်မာဘာသာစကား၏ လက္ခဏာတစ်ရပ်ဖြစ်ပါသည်။

ထို့ကြောင့်မြန်မာဘာသာကိုဧကဝဏ္ဏ၊ ဗဟုဝဏ္ဏနှင့် ပူးတွဲသဘော လက္ခဏာ အားလုံးအကျုံးဝင်သည့် ပူးတွဲတသီးပုဂ္ဂလဘာသာဟု အမည်ပေးပါက ပိုမို၍သင့်မြတ်မည်ဟု ထင်ပါသည်။

## ပါဠိဘာသာနှင့်မြန်မာဘာသာဆက်နွယ်မှု

အထက်တွင် တင်ပြခဲ့သည့်အတိုင်း ပါဠိဘာသာစကားနှင့် မြန်မာဘာသာစကား တို့သည် ဇာတိဗေဒနည်းအရသာမက ဗန္ဓနဗေဒ နည်းအရပါ တစ်သီးတစ်ခြားစီ ဖြစ်နေကြပါသည်။ ထိုဘာသာစကားနှစ်ရပ်တို့အကြောင်း အားလျှော်စွာ ဆုံမိခဲ့ကြသည်မှာလည်း ထူးဆန်းသည်ဟု ဆိုရပါမည်။ ရှေးဟောင်းသုတေသီ တို့အလိုအရ ထေရဝါဒဗုဒ္ဓဘာသာ ပါဠိဘာသာနှင့် ပါဠိစာပေတို့ မြန်မာနိုင်ငံသို့ အဦးဆုံး ရောက်ရှိချိန်သည် ပျူခေတ် အေဒီ–၃ ရာစုခန့်ဖြစ်ပါသည်။ ပျူလူမျိုးတို့၏ မြို့တော် သရေခေတ္တရာတွင် ဗုဒ္ဓသာသနာထွန်းကား ခဲ့ကြောင်းအထင်အရှားရှိပါသည်။ သာဓကမှာ ၁၈၉၇ ခုနှစ် တွင် ပြည်ခရိုင် မှော်ဇာမြို့အနီးမောင်ကန်ရွာ တွင်တူးဖော်ရရှိသည့် ရွှေပြား စာများတွင် 'ယေဓမ္မာ ဟေတုပ္ပဘဝါ---' အစချီသော ဂါထာတို့သည် ဝိနယပိဋက မဟာဝဂ္ဂပါဠိတော်လာ ဂါထာများ ဖြစ်ပါသည်။

ထို့ပြင်ဘောဘောကြီး ကျောက်ချပ်လွှာရှိ စာသားတို့သည်လည်း အဘိဓမ္မာပိဋက ဝိဘင်္ဂပါဠိတော်လာ ဒေသနာတော်များ ဖြစ်ကြပါသည်။ ခင်ဘကုန်းမှ တူးဖော်ရရှိသော ရွှေချပ်လွှာ ၂၀ တို့တွင် ဖော်ပြထားသော အကြောင်းအရာများသည်လည်း ပိဋကတော်လာ အကြောင်းအရာများသာ ဖြစ်ပါသည်။ ထို့ပြင်ပျူတို့၏ဒေသတွင် ဗုဒ္ဓသာသနာ စည်ပင်ခဲ့ကြောင်းကို ယင်းဒေသ၌ ယနေ့တိုင် တွေ့မြင်နေရသော ဗုဒ္ဓသာသနိကဆိုင်ရာပစ္စည်းနှင အဆောက်အဦးများက သက်သေပြ နေပါသည်။

ဒုတိယအကြိမ်ပုဂံခေတ်တွင် အနော်ရထာမင်းသည်ခရစ်နှစ် ၁၀၄၄–၁၀၇၇တွင် သထုံကိုတိုက်ခိုက်အောင်မြင်ပြီးနောက် ထေရဝါဒဗုဒ္ဓသာသနာနှင့်အတူ ပိဋကတ်တော်တစ်ရပ်လုံးသာမက ပါဠိစာပေ တတ်ကျွမ်းသော ပညာရှင်များ မြန်မာနိုင်ငံ ပုဂံဒေသသို့ ရောက်ရှိ ခပါသည်။

ထိုအချိန်မှစတင်၍ ပါဠိစာပေနှင့်ဘာသာသည် မြန်မာတို့၏ ယဉ်ကျေးမှုနယ်ပယ်သို့ ချဉ်းနင်းဝင်ရောက် စတင်ထိုးဖောက်လာခဲ့ ပါသည်။ ပုဂံဒေသသို့ ပိဋကတ်တော်ရောက်ရှိ ခဲ့သည့် ခရစ်နှစ် ၁၀၅၇ အချိန်အထိ မြန်မာဘာသာသည် 'နှုတ်ပြောစကားအဆင့်' သာရှိသေး၍ 'အရေးအသား'အဆင့်သို့ မရောကခဲ့သေးဟု ဆိုရပါမည်။ ပါဠိဘာသာကို မွန်ပညာရှင်တို့ထံမှ တစ်ဆင့်လေ့လာ တတ်မြောက်ပြီးမှ မွန်အက္ခရာ (ကဒမ္ဗအက္ခရာ) များကိုတစ်ဆင့်ခံယူငင်ကာ မြန်မာအက္ခရာကို စတင်တည်ထွင်နိုင်ခဲ့သည်။ ဤသို့ဖြင့် ပုဂံခေတ် မြန်မာတို့သည် မြန်မာစာပေခေတ်ကိုစတင်နိုင်ခဲ့ပါသည်။

မြန်မာဘာသာသည် ပုဂံပြည်သို့စတင်ရောက်ရှိချိန်မှအစပြု၍ ပါဠိဘာသာသည် မြန်မာဘာသာတွင်းသို့ ဝင်ရောက်ထိုးဖောက်နိုင်ခဲ့ ပါသည်။ ပုဂံသားမြန်မာတို့သည် ပါဠိ ဝေါဟာရတို့ကို

တိုက်ရိုက် ယူငင်၍သော်လည်းကောင်း၊ ပြုပြင်ပြောင်းလဲ၍သော် လည်းကောင်း အမျိုးမျိုး တီထွင်ကြံဆသုံးစွဲကာ မြန်မာဝေါဟာရတ့ကို ကြွယ်ဝစေခဲ့ ပါသည်။

ပုဂံခေတ်အနော်ရထာမင်း နန်းတက်သည့်အချိန်မှအစပြု၍ ပုဂံ ထီးနန်း ပျက်သုန်းချိန်အတွင်း ပုဂံပြည်တွင် ပါဠိဘာသာထွန်းကားမှု အရှိန်အဟုန် ကြီးမားပြင်းထန်ပုံမှာ အံ့သြဖွယ်ဖြစ်သည်။ မြန်မာနိုင်ငံ ပါဠိစာပေခေတ်ဦး၏ သမိုင်းဝင်မှတ်တိုင်များဖြစ်သော မြစေတီ ကျောက်စာနှင့် ရွှေဂူကြီးကျောက်စာတို့ကို ယခုတိုင်တွေ့မြင်နိုင်ပါသည်။ ဤဒုတိယအကြိမ်တွင်မှ မြန်မာတို့သည် ထေရဝါဒ ဗုဒ္ဓဘာသာ၊ ပါဠိဘာသာ၊ ပါဠိစာပေတို့ကို ရရှိတွေ့ထိပြီးနောက် အရှိန်အဟုန်ကြီးမားပိုင်နိုင်စွာ လေ့လာ၍ တွင်ကျယ်သည်ဟု ဆိုရမည်ဖြစ်ပါသည်။ ရှေးဟောင်းသုတေသနဆိုင်ရာ အထောက်အထားများ အရ ပျူခေတ် အေဒီသုံးရာစုမှ ကိုးရာစုနှစ်ပုဂံခေတ် အေဒီ ၁၀၅၇ နောက်ပိုင်းတို့၏ ထေရဝါဒ ဗုဒ္ဓဘာသာနှင့် ပါဠိစာပေလက်ရာများ နှိုင်းယှဉ်ရှုမျှဖြင့် ထိုအချက်သည် သိသာထင်ရှား လှပါသည်။ ပါဠိဘာသာနှင့် ပတ်သက်၍ ထိုနှစ်ခေတ် ခြားနားရသည့်အကြောင်းမှာ အမျိုးမျိုးဖြစ်နိုင်သော်လည်း ပဓာနအားဖြင့် အကြောင်းနှစ်ရပ်မှာ ပေါ်လွင်လှပါသည်။ ပထမအကြောင်းမှာ ပျူခေတ်တွင် ထေရဝါဒ ဗုဒ္ဓဘာသာနှင့်အတူ မဟာယာန ဗုဒ္ဓဘာသာ၊ ဗြာဟ္မဏဝါဒ၊ တန္တြဝါဒ စသည်တို့စင်ပြိုင်ရှိနေပြီး ပုဂံခေတ်တွင်မူ အခြားဝါဒတွင်မူ အခြားဝါဒတို့ မှေးမှိန်နေခြင်းဖြစ်ပါသည်။ ဒုတိယအကြောင်းမှာမူ အုပ်ချုပ်သူမင်းများ၏ အားပေး ချီးမြှောက်မှု ကွာခြားခြင်းဖြစ်ပါသည်။

ပုဂံခေတ်မြန်မာနိုင်ငံသို့ ပါဠိစာပေရောက်ရှိ၍ မြန်မာနိုင်ငံသားတို့ ကြိုးပမ်းလေ့လာချက်ကြောင့် မြန်မာယဉ်ကျေးမှုအဆင့်အတန်း မြင့်မားလာစေရန် အကျိုးအမြတ် များစွာရခဲ့ပါသည်။ ထို့ပြင်မြန်မာဘာသာစကား ဝေါဟာရကြွယ်ဝရေး၊ မှတ်တမ်းတင်စာပေအဖြစ် တိုးမြှင့်ရေး စသည်တို့အတွက် အရေးပါသောကဏ္ဍမှ ပါဝင်ခဲ့ပါသည်။ မြန်မာစာပေခေတ်ဦး ပညာရှင်တို့ ပါဠိဘာသာစကားကို အထူးလေ့လာ ခဲ့ကြသည်မှာ ယုံမှားဖွယ်မရှိပါ။ ထိုလေ့လာမှုသည် ယနေ့ကာလတိုင်အောင် ရပ်ဆိုင်းမထားဘဲ ရှိနေဆဲပင်ဖြစ်သည်။ ရှင်သန်နေဆဲ ဘာသာစကား ဖြစ်သည့် မြန်မာဘာသာစကား တည်တံ့နေသရွေ့ ပါဠိစာပေလေ့လာမှုကို ပစ်ပယ်၍မရစကောင်းပါ။ မြန်မာစာပေကို ခြေခြေမြစ်မြစ် လေ့လာတတ်ကျွမ်းသူတို့အတွက် ပါဠိစာပေလေ့လာမှုသည် မရှိမဖြစ်သော အင်္ဂါတစ်ရပ်ဟူ၍ပင် ဆိုဖွယ်ရှိပါသည်။ ထို့ကြောင့် ပါဠိပုဒ်များကို မြန်မာဘာသာ ပြန်ဆိုသိရှိနိုင်ရေးအတွက်လည်း ခေတ်အဆက်ဆက် မြန်မာ ပညာရှင်တို့ ကြိုးပမ်းခဲ့ကြပါသည်။ ဤသို့ဖြင့် ပါဠိ–မြန်မာ အဘိဓာန်ကျမ်းများ ပေါ်ထွန်းလာကြရ ပါသည်။

## နိဂုံး

အချုပ်အားဖြင့်ပြောရလျှင် ပါဠိဘာသာစကားနှင့် မြန်မာဘာသာ စကားသည် ဇာတိဗေဒနည်းအရ သာမက ဗန္ဓနဗေဒနည်းအရပါ ကွဲပြား ခြားနားသော်လည်း ထိုစကားနှစ်ရပ်တို့ ပေါင်းဆုံမိသည်မှာ အလွန် အံ့သြဖွယ် ကောင်းပါသည်။ ပါဠိဘာသာသည် နိုင်ငံခြားဘာသာ နိုင်ငံခြားစာပေဖြစ်သည်ဟု ဆိုစေကာမူ မြန်မာလူမျိုးတို့သည် ပါဠိဘာသာနှင့် နှစ်ပေါင်းများစွာကပင် ရင်းနှီးခဲ့ပါသည်။ မြန်မာတို့သည် စကားပြောဆိုရာ၌လည်းကောင်း၊ ရေးသားရာ၌လည်းကောင်း၊ ပါဠိစစ်နှင့် ပါဠိသက်ဝေါဟာရများကို ထည့်သွင်းသုံးနှုန်းခြင်းဖြင့် မြန်မာ့ဝေါဟာရကို ပိုမိုကြွယ်ဝစေခဲ့ပါသည်။ ပါဠိစာပေကို စကားပြေ ပြန်ဆိုခြင်းဖြင့်လည်းကောင်း၊ ကဗျာ၊ အလင်္ကာဖွဲ့ဆိုခြင်းဖြင့်လည်းကောင်း မြန်မာစာပေကို ကြီးပွား စေခဲ့သည်။ ပါဠိစာပေထုံးတမ်း ဓလေ့နှင့် သွန်သင်ညွှန်ပြချက်များကို ခံယူလိုက်နာခြင်းဖြင့် မြန်မာယဉ်ကျေးမှုကို ပိုမိုကျယ်ပြန့် စေခဲ့သည်။ ပါဠိစာပေ အကြောင်းအရာ အချက်အလက် များကို အခြေပြု၍ ပန်းချီ၊ ပန်းပုစသော အနုပညာနယ်ပယ်ကို ချဲ့ထင်ခဲ့ကြသည်။ ကဇာတ်ပြဇာတ်တို့ကိုလည်း တီထွင်ခဲ့ကြသည်။ထို့ကြောင့်ပါဠိကိုဘာသာတစ်ရပ်အနေဖြင့် မသင်ဘူး

စေကာမူ မြန်မာတို့သည် ပါဠိဝေါဟာရများစွာတို့ကို နေ့တိုင်းပြောဆိုနေကြသည်။ သို့ဖြစ်ပါ၍ ပါဠိဘာသာ၊ ပါဠိစာပေသည်မြန်မာတို့နှင့်များစွာရင်းနှီးကျွမ်းဝင်၍ မြန်မာတို့၏အသိပညာ၊ အနုပညာစသည်တို့တိုးတက်ရေးအတွက်အမွားဆုံး အထောက်အကူပြုသော ဘာသာစာပေ ဖြစ်ပါသည်။

## ကျေးဇူးတင်လွှာ

ဤစာတမ်းဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်းကူညီပေးသော ဟင်္သာတတက္ကသိုလ် တာဝန်ခံပါမောက္ခချုပ် ဒေါက်တာတင်ထွန်းမြင့် နှင့် ဒုတိယပါမောက္ခချုပ် ဒေါက်တာစီစီလှဘူးအားလည်းကောင်း၊ ဟင်္သာတတက္ကသလ် သုတေသနဂျာနယ်ဖြစ်မြောက်ရေးအဖွဲ့ဝင်များအားလည်းကောင်း၊ ဒေါ်ခင်စောနွဲ့၊ပါမောက္ခ(ဌာနမှူး)၊ အရှေ့တိုင်းပညာဌာန၊ ဒေါ်ခင်မြမော်၊ တွဲဖက်ပါမောက္ခနှင့် အရှေ့တိုင်းပညာဌာနရှိ ဆရာမများအား အထူးကျေးဇူးတင်ရှိပါသည်။

## ကျမ်းကိုးစာရင်း


### ပါဠိဘာသာကျမ်းများ

၁။ အင်္ဂုတ္တရဋ္ဌကထာ (ဒုတိယော ဘာဂေါ)(၁၉၆၂)၊ မြန်မာနိုင်ငံဗုဒ္ဓသာသနာအဖွဲ့ပုံနှိပ်တိုက်၊ ရန်ကုန်။

၂။ စူဠဝဂ္ဂါဒိအဋ္ဌကထာ၊ (၁၉၆၁)၊ မြန်မာနိုင်ငံဗုဒ္ဓသာသနာအဖွဲ့ပုံနှိပ်တိုက်၊ ရန်ကုန်။

၃။ တိပိဋကပါဠိ–မြန်မာအဘိဓာန် (၁၉၆၄)၊ (အတွဲ–၁)၊ မြန်မာနိုင်ငံဗုဒ္ဓသာသနာအဖွဲ့ပုံနှိပ်တိုက်၊ ရန်ကုန်။

၄။ ဓမ္မပဒအဋ္ဌကထာ (ပဌမော ဘာဂေါ) (၁၉၆၈)၊ မြန်မာနိုင်ငံဗုဒ္ဓသာသနာအဖွဲ့ပုံနှိပ်တိုက်၊ ရန်ကုန်။

၅။ ပါရာဇိကပါဠိ ၊ (၁၉၅၄)၊ မြန်မာနိုင်ငံဗုဒ္ဓသာသနာအဖွဲ့ပုံနှိပ်တိုက်၊ ရန်ကုန်။

၆။ ပါရာဇိကကဏ္ဍအဋ္ဌကထာ (ပဌမော ဘာဂေါ)၊ (၁၉၆၆)၊ မြန်မာနိုင်ငံဗုဒ္ဓသာသနာအဖွဲ့ပုံနှိပ်တိုက်၊ရန်ကုန်။

၇။ ဝိဘင်္ဂပါဠိ ၊ (၁၉၅၄)၊ မြန်မာနိုင်ငံဗုဒ္ဓသာသနာအဖွဲ့ပုံနှိပ်တိုက်၊ ရန်ကုန်။

၈။ သံမ္မောဟဝိနောဒနီအဋ္ဌကထာ၊ (၁၉၆၈)၊ မြန်မာနိုင်ငံဗုဒ္ဓသာသနာအဖွဲ့ပုံနှိပ်တိုက်၊ရန်ကုန်။

### မြန်မာဘာသာကျမ်းများ

၁။ ကို၊ ဦး၊ (၁၉၆၈)၊ "မြန်မာပြည်ပါဠိစာပေခေတ်ဦး" ပြည်ထောင်စုမြန်မာနိုင်ငံ စာပေနှင့်လူမှုရေး သိပ္ပံဂျာနယ်၊ အတွဲ (၁)၊ အမှတ် (၁)၊ ဗဟိုပုံနှိပ်တိုက်၊ ရန်ကုန်။

၂။ ခင်မင် (ဓနုဖြူ)၊မောင်၊ (၁၉၉၀)၊ မြန်မာစကားမြန်မာရုပ်ပုံလွှာ ၊ စာပေဗိမာန်တိုက်၊ ရန်ကုန်။

၃။ ခင်ဝင်းကြည်၊ဒေါ်၊ (၁၉၇၂)၊ ပါဠိဘာသာနိဒါန်း ၊ တက္ကသိုလ်များပုံနှိပ်တိုက် ၊ ရန်ကုန်။

၄။ ထွန်းမြင့်၊ ဦး ၊ (၁၉၅၈)၊ ဘာသာဗေဒ၊ တက္ကသိုလများပုံနှိပ်တိုက် ၊ ရန်ကုန်။

၅။ ဖေမောင်တင်၊ ဦး ၊ (၁၉၅၈)၊ ဘာသာလောကကျမ်း၊ မြန်မာဘာပြန်စာပေအသင်းပုံနှိပ်တိုက် ၊ ရန်ကုန်။

၆။ ဘဆန်း၊ ဦး ၊ (၁၉၆၇)၊ " ပါဠိ မြန်မာဘာသာအမျိုးအစား၊ " တက္ကသိုလ်ပညာပဒေသာစာစောင်၊ (အတွဲ–၂၊အပိုင်း–၁) ၊တက္ကသိုလ်များ ပုံနှိပ်တိုက်၊ ရန်ကုန။

၇။ ဘရှင်၊ ဗိုလ်မှူး၊ " မြန်မာအစုဝင်စကားများ " မြန်စာဂုဏ်ဂျာနယ် (အမှတ်–၃)၊ ရန်ကုန်၊၁၉၉၆ ။

၈။ တင်လှ ၊ ဦး ၊ ဘာသာနှင့်စာပေ ၊ ပုဂံစာအုပ်တိုက်၊ ရန်ကုန်၊ ၁၉၆၆ ။

၉။ မြန်မာစွယ်စုံကျမ်း (အတွဲ–၁၄) ၊ စာပေဗိမာန်တိုက် ၊ ရန်ကုန်၊ ၁၉၇၃ ။